# Highlights from DVB Debate's Federal Constitution Show

## 22 July 2017

## "Federal Constitution: how realistic is it?"

"ဖက်ဒရယ်ဖွဲ့စည်းပုံဆိုတာသည် ၁၉၄၇ ခုနှစ် စက်တင်ဘာလမှာ ပြီးဆုံးသွားခဲ့ပါတယ်. အဲကတည်းက ဗိုလ်ချုပ်တို့လိုချင်ခဲ့တဲ့ ဖက်ဒရယ်ဖွဲ့စည်းပုံ မြန်မာနိုင်ငံမှာ မပေါ်လာတော့ပါဘူး"

ဦးသိန်းဦး - အတွင်းရေးမှူး (၁၉၉၆ ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရေးကော်မတီ/၂၀၀၈ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံရေးဆွဲရေး ကော်မတီ)

---

"ပြည်ထောင်စုအနေနဲ့ ကျန်တဲ့ တိုင်းရင်းသားတွေကို ဘယ်လောက်ထိ ဆုံးဖြတ်ခွင့်ပေးမှာလဲ ဆိုတာမျိုး ဘယ်လိုနေရမှာ တိုင်းရင်းသားတွေ ကိုယ့်ဘာသာဆုံးဖြတ်ပိုင်ခွင့် ဆိုတာမျိုး မေးစရာရှိတယ်"

အက်စသာဂျေယန် - အဖွဲ့ဝင်(ကချင်ငြိမ်းချမ်းရေးကွန်ရက်)

---

"ဖက်ဒရယ်ရဲ့ အခြေခံ အုတ်မြစ်က ပင်လုံစာချုပ်ကလာတယ်. အခုလက်ရှိက ပြည်ထောင်စုနာမည်ခံ တပြည်ထောင်စနစ်ဖြစ်နေတယ်"

ဗိုလ်မှူးကြီး ခွန်ဥက္ကာ – နာယက၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

---

"၂၀၀၈ ဖွဲ့စည်းပုံဟာ ပုဒ်မ ၄၃၆ ပြင်လိုက်လို့လည်း ဖက်ဒရယ် ဖြစ်မသွားဘူး. ဖက်ဒရယ်ဖွဲ့စည်းပုံဖြစ်ဖို့က renew ပြန်သွားရမယ်"

ဦးရှိန်းထွန်း - အထွေထွေအတွင်းရေးမှူး၊ ချင်းတိုးတက်ရေးပါတီ

"၄၃၆ ပြင်ရင် ဖက်ဒရယ်ဖွဲ့စည်းပုံဖြစ်အောင် လုပ်လို့ရတယ်. အပြောင်းအလဲကလည်း ဖြစ်နိုင်ရင် တော်လှန်ရေးနဲ့ ပြောင်းလဲရင် ရပါတယ်"

ဦးသိန်းဦး - အတွင်းရေးမှူး (၁၉၉၆ ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရေးကော်မတီ/၂၀၀၈ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံရေးဆွဲရေး ကော်မတီ)

---

"ဖက်ဒရယ်ပြည်ထောင်စုသွားချင်ရင် ၂၀၀၈ဖွဲ့စည်းပုံနဲ့ သွားလို့ မရဘူး။ ၂၀၀၈က ပေါက်ဖွားလာတဲ့ လွှတ်တော်နဲ့ ၂၀၀၈က ပေါက်ဖွားလာတဲ့ အစိုးရနဲ့သွားလို့လည်း မရဘူး။ အားလုံးက သူ့ box ထဲမှာပဲ ဖြစ်နေတာကိုး"

ဗိုလ်မှူးကြီး ခွန်ဥက္ကာ – နာယက၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

---

"၁၉၄၇ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်း ပင်လုံမှာ ချမှတ်ခဲ့တဲ့အထဲက ပထမ အချက် ၅ ချက်က ဖက်ဒရယ်အခြေခံမူတွေပဲဗျ"

ဦးသိန်းဦး - အတွင်းရေးမှူး (၁၉၉၆ ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရေးကော်မတီ/၂၀၀၈ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံရေးဆွဲရေး ကော်မတီ)

---